# ထောက်လှမ်းရေး ဌာနများ (Intelligence Services)

## လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေးအတွင်းရှိ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ

### ယခုစာစဉ်အတွဲများအကြောင်း

SSR နောက်ခံအကြောင်းအရာလက်စွဲများသည် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR) တို့တွင် ပါဝင်သည့် ခေါင်းစဉ်များနှင့် အယူအဆများကို ကျစ်လျစ်ပြည့်စုံသည့် မိတ်ဆက်ရှင်းလင်းမှုများ ပြုလုပ်ပေးပါသည်။ ယခုစာစဉ်အတွဲလိုက်သည် နိုင်ငံတကာအတွေ့အကြုံအတော်များများကို အခြေခံလျှက် ယနေ့ခေတ် ငြင်းခုံဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြကာ၊ အဓိကစကားလုံး အသုံးအနှုန်းများကို ရှင်းလင်းဖော်ပြ၍၊ အဓိကအချက်အချာကျသည့် အားပြိုင်မှုများကို မြင်သာအောင်ပြသပေးပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော အုပ်ချုပ်မှုပေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီးသား စနစ်ပုံစံများ၊ မူဝါဒများ သို့မဟုတ် အကြံပြုချက်များကို ကြော်ငြာပေးခြင်းမဟုတ်ပါပဲ ဖတ်ရှုသူများက ခေါင်းစဉ်တစ်ခုခြင်းစီအပေါ်တွင် ၎င်းတို့၏အသိပညာကို တိုးချဲ့နိုင်ရန် ထပ်မံလေ့လာနိုင်မည့် ဖတ်ရှုစရာအရင်းအမြစ်များကိုသာ စီစဉ်ပေးခြင်းဖြစ်ပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော SSG နှင့် SSR ဆိုင်ရာ ယနေ့ခေတ် နည်းလမ်းနည်းနာများကို နားလည်သိရှိနိုင်ရုံသာမက နှိုက်နှိုက်ချွတ်ချွတ် အကဲဖြတ်နိုင်ရန်အတွက်ပါ အားထုတ်နေကြသည့် လုံခြုံရေးဆိုင်ရာကိစ္စ၌ အုပ်ချုပ်မှုပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်ပတ်သက်သူများအတွက် အရင်းအမြစ်တစ်ခုပင် ဖြစ်ပေသည်။

### ဤ SSR နောက်ခံအကြောင်းအရာလက်စွဲ အကြောင်း

ဤ SSR နောက်ခံအကြောင်းအရာလက်စွဲသည် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) တွင် ထောက်လှမ်းရေးဌာနများ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းပြထားသည်။ ထောက်လှမ်းရေး ဌာနများသည် နိုင်ငံများနှင့် ယင်းတို့၏ လူ့အဖွဲ့အစည်းများ၏ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် အစိုးရများအား အချိန်နှင့်တပြေးညီ သက်ဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်းဖြင့် မရှိမဖြစ်လိုအပ်သော လုံခြုံရေးလုပ်ငန်းကို လုပ်ဆောင်ပါသည်။ ကောင်းမွန်သော SSG ၏ အခြေခံမူများကို ထောက်လှမ်းရေးဌာနများအပေါ် ကျင့်သုံးခြင်းက ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရေး စသည့် မူဘောင်တစ်ခုအတွင်း ယင်းဌာနတို့အား ထိရောက်မှုနှင့် တာဝန်ခံမှုရှိစေပါသည်။

### SSR နောက်ခံအကြောင်းအရာလက်စွဲသည် အောက်ပါမေးခွန်းများကို ဖြေဆိုပေးပါသည် --


- ထောက်လှမ်းရေး ဌာနများဆိုသည်မှာ အဘယ်နည်း။ *စာမျက်နှာ ၂*
- ထောက်လှမ်းရေးဌာနများက အဘယ်ရာကို ဆောင်ရွက်ကြသနည်း။ *စာမျက်နှာ ၂*
- ထောက်လှမ်းရေး သတင်းကို မည်သို့ထုတ်ဖော်သနည်း။ *စာမျက်နှာ ၄*
- ထောက်လှမ်းရေးဌာနများက မည်ကဲ့သို့ နှောက်ယှက်စွက်ဖက်နိုင်သော ဥပဒေအာဏာများကို ကိုင်စွဲထားသနည်း။ *စာမျက်နှာ ၅*
- ထောက်လှမ်းရေးဌာနများသည် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေးကိစ္စကို မည်သို့လိုက်နာနိုင်မည်နည်း။ *စာမျက်နှာ ၆*
- လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုသည် ထောက်လှမ်းရေးဌာနများကို မည်သို့အကျိုးပြုသနည်း။ *စာမျက်နှာ ၈*
- လျှို့ဝှက်မှုကို ကောင်းမွန်သော အုပ်ချုပ်မှုပေးရေးစနစ်နှင့် မည်သို့ သဟဇာတဖြစ်စေနိုင်သနည်း။ *စာမျက်နှာ ၈*
- နိုင်ငံတကာ ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ အဘယ်နည်း။ *စာမျက်နှာ ၉*


DCAF Geneva Centre for Security Sector Governance

## ထောက်လှမ်းရေး ဌာနများဆိုသည်မှာ အဘယ်နည်း။

**ထောက်လှမ်းရေး ဌာနများသည် နိုင်ငံတော်နှင့် ပြည်သူများ၏ လုံခြုံရေးနှင့် သက်ဆိုင်သော ထောက်လှမ်းရေးသတင်းများကို ဖော်ထုတ်ပေးရန် တာဝန်ရှိသော အစိုးရ၏ အထူးပြု အေဂျင်စီဌာနများဖြစ်သည်။** များသောအားဖြင့် နိုင်ငံများတွင် နယ်မြေဒေသအလိုက်၊ အကြောင်းအရာအလိုက် သို့မဟုတ် နည်းပညာအလိုက် ထောက်လှမ်းရေးလုပ်ငန်းအတွက် အထူးပြုသတ်မှတ်ထားသော ဌာနတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဌာနများရှိသည်။

ထောက်လှမ်းရေးဌာနများသည် အကြောင်းကိစ္စ နယ်ပယ်တစ်ခုတည်းတွင် သီးသန့်အာရုံစိုက်နိုင်သည် - ဥပမာ၊ ပြည်တွင်း၊ နိုင်ငံခြား၊ စစ်ဘက်၊ ရာဇဝတ်မှု သို့မဟုတ် ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးသတင်းများ - သို့မဟုတ် ဌာနတစ်ခုသည် အကြောင်းကိစ္စ နယ်ပယ်များစွာတွင် အလုပ်လုပ်ရန် လုပ်ပိုင်ခွင့်တာဝန်ပေးခံထားရနိုင်သည်၊ ဥပမာ၊ နိုင်ငံခြားနှင့် ပြည်တွင်းလုံခြုံရေးကို စောင့်ကြည့်ရန်။ နိုင်ငံများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး သို့မဟုတ် ငွေကြေးဆိုင်ရာ စသောရာဇဝတ်မှုကဲ့သို့သော အကြောင်းအရာအလိုက် နယ်ပယ်များကို သီးသန့် လွှမ်းခြုံနိုင်သည့် အထူးပြု ပူးတွဲထောက်လှမ်းရေးယူနစ်များ ပေါ်ပေါက်လာစေရန် မတူညီသော အစိုးရဝန်ဌာနများက ထောက်လှမ်းရေး လုပ်ငန်းများကို အတူတကွ ဆောင်ရွက်ကောင်းဆောင်ရွက်နိုင်သည်။ အရပ်ဘက်ဆိုင်ရာ၊ စစ်ဘက်ဆိုင်ရာနှင့် ဥပဒေကြေပ်မတ်လိုက်နာစေရေးဆိုင်ရာ ထောက်လှမ်းရေးဌာနများ အစုအဝေးသည် အခြားလုံခြုံရေးအဖွဲ့အစည်းများအတွင်း တွဲဖက်ထားသည့် ယူနစ်အားလုံးနှင့်အတူပေါင်း၍ "ထောက်လှမ်းရေးအသိုင်းအဝိုင်း" (ပုံ ၁) ကို ပေါ်ပေါက်လာစေပါသည်။

ထောက်လှမ်းရေးဌာနများစွာရှိခြင်းသည် အေဂျင်စီတစ်ခုစီအတွင်း ပိုမိုသီးသန့်အထူးပြုမှုကို ခွင့်ပြုပေးပြီး ခြိမ်းခြောက်မှုဆိုင်ရာ ဆန်းစစ်လေ့လာမှု အမျိုးမျိုးကို ပေးစွမ်းနိုင်သည်။ သို့ရာတွင်၊ ယင်းက ချိတ်ဆက်ညှိနှိုင်းမှုဆိုင်ရာ ပြဿနာများ သို့မဟုတ် အေဂျင်စီအချင်းချင်း ပြိုင်ဆိုင်မှုကိုလည်း ပိုမိုဆိုးရွားစေကာ ခြိမ်းခြောက်မှုဆိုင်ရာ အကဲဖြတ်တွက်ချက်မှုများအနေဖြင့် ပြီးပြည့်စုံမှုမရှိသောအခြေနေဆီသို့ ဦးတည်သွားစေနိုင်သည့် အလားအလာရှိပါသည်။ ထောက်လှမ်းရေးဌာန တစ်ခုတည်းရှိခြင်းသည် ကုန်ကျစရိတ်သက်သာနိုင်ပြီး ချိတ်ဆက်ညှိနှိုင်းရေးပြဿနာများကို လျှော့ချနိုင်သော်လည်း အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ပိုင်ခွင့် ပါဝါအလွန်အကျွံကို ဗဟိုချုပ်ကိုင်မှု ဖြစ်နိုင်ခြေ အန္တရာယ်ရှိစေပါသည်။ နိုင်ငံတစ်နိုင်ငံက ယင်းနှင့်ပတ်သက်၍ မည်သည့်စီစဥ်မှုကို ရွေးချယ်သည်ဖြစ်စေ ထောက်လှမ်းရေးဌာနများက ယင်းတို့၏ လုပ်ပိုင်ခွင့်တာဝန်၊ ဥပဒေနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုနှင့်အညီ လုပ်ငန်းဆောင်ရွက်ကြောင်း သေချာစေရန် ကောင်းစွာလိုက်လျောညီထွေမှုရှိသည့် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုစနစ်တစ်ခုကို လိုအပ်ပါသည် (SSR နောက်ခံအကြောင်းအရာလက်စွဲဖြစ်သည့်၊ “ထောက်လှမ်းရေးကဏ္ဍအပေါ် စောင့်ကြည့်ထိန်းကျောင်းမှု” ကို ကြည့်ပါ)။

## ထောက်လှမ်းရေးဌာနများက အဘယ်ရာကို ဆောင်ရွက်ကြသနည်း။

**ထောက်လှမ်းရေးဌာနများအားလုံး၏ အဓိကတာဝန်မှာ နိုင်ငံနှင့် ယင်း၏လူထုအတွက် ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများနှင့်ပတ်သက်သည့် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို အစိုးရများအား ပေးအပ်ရန်ဖြစ်သည်။** ထောက်လှမ်းရေးဌာနများသည် ရှုပ်ထွေးသော အရေးကိစ္စပြဿနာများကို နားလည်သဘောပေါက်မှုရှိစေပြီး ပေါ်ပေါက်လာသော ပြဿနာများ၊ အမျိုးသား အကျိုးစီးပွားအပေါ် ခြိမ်းခြောက်မှုများ၊ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် အခွင့်အလမ်းများကို အာရုံစိုက်လာစေရန် နှိုးဆော်ပေးပါသည်။

၎င်းတို့၏ လေ့လာဆန်းစစ်ချက်များသည် နိုင်ငံရေး ဆုံးဖြတ်ချက်ချမှတ်သူများကို အောက်ပါအတိုင်း အထောက်အကူဖြစ်စေပါသည်-

- အမျိုးသားအကျိုးစီးပွားများကို သတ်မှတ်ခြင်း၊
- ပေါင်းစည်းညီညွတ်သော အမျိုးသားလုံခြုံရေးဗျူဟာများနှင့် စစ်ရေးဗျူဟာများအပြင် လုံလောက်သော လုံခြုံရေးမူဝါဒကို ဖော်ဆောင်ခြင်း၊
- လက်နက်ကိုင်တပ်ဖွဲ့များနှင့် အခြားလုံခြုံရေးအဖွဲ့အစည်းများ၏ အထူးလုပ်ငန်းတာဝန်၊ အယူဝါဒနှင့် ဗျူဟာများကို ဆုံးဖြတ်သတ်မှတ်ခြင်း၊
- နိုင်ငံ၏ အကျပ်အတည်းများအတွက် ကြိုတင်ပြင်ဆင်ပြီး ဖြေရှင်းတုံ့ပြန်ခြင်း၊
- နိုင်ငံတော်နှင့် ယင်း၏လူထုအပေါ် ခြိမ်းခြောက်မှုများအတွက် ကြိုတင်ပြင်ဆင်ပြီး တားဆီးကာကွယ်ခြင်း၊

တန်ပြန်ထောက်လှမ်းရေးသည် နိုင်ငံခြာထောက်လှမ်းရေးဌာနများ သို့မဟုတ် နိုင်ငံခြားကထိန်းချုပ်ထားသော နိုင်ငံရေးအုပ်စုများမှ သူလျှိုလုပ်ခြင်း၊ ယိုင်နဲ့အောင်ဆောင်ရွက်ခြင်း သို့မဟုတ် အဖျက်အမှောင့်လုပ်ခြင်းတို့ကို တားဆီးကာကွယ်ပေးရာ၊ ပြည်တွင်းပြည်ပရှိ ထောက်လှမ်းရေးသတင်းရင်းမြစ်များနှင့် နည်းလမ်းများကို အကာအကွယ်ပေးသည်။ **တန်ပြန်ထောက်လှမ်းရေးအတွက် ခုခံကာကွယ်မှုအစီအမံများ** သည် စုံစမ်းမေးမြန်းခြင်း၊ အသေးစိတ်ဂရုတစိုက် စိစစ်ခြင်းနှင့် အနီးကပ်စောင့်ကြည့်ခြင်းအပေါ် အမှီပြုပါသည်။ **တန်ပြန်ထောက်လှမ်းရေးအတွက် ထိုးစစ်ဆင်မှု အစီအမံများ** တွင် အခြားအဖွဲ့အစည်းများကို ထိုးဖောက်ဝင်ရောက်ရန်၊ လှည့်ဖြားရန်၊ နှောက်ယှက်ရန်နှင့် ကြိုးကိုင်ရန် စစ်ဆင်ရေးများ ပါဝင်သည်။

**အထူးနိုင်ငံရေး လုပ်ဆောင်ချက်များ** သို့မဟုတ် **တက်ကြွသော အရေးယူ ဆောင်ရွက်မှုများ**ဟုလည်း လူသိများသော **လျှို့ဝှက် လုပ်ဆောင်မှု** သည် နိုင်ငံခြားတိုင်းပြည်တွင် နိုင်ငံရေး၊ စစ်ရေး သို့မဟုတ် စီးပွားရေး အခြေအနေများကို လွှမ်းမိုးရန် ရည်ရွယ်သည့် လျှို့ဝှက်စစ်ဆင်ရေး အမျိုးအစားတစ်ခုဖြစ်သည်။ လျှို့ဝှက်လုပ်ဆောင်မှု အမျိုးအစားများ

အတွင်း ပြည်ပတွင် ဝါဒဖြန့်ခြင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုများမှသည် နိုင်ငံခြားအစိုးရများကို အထောက်အကူပေးခြင်း သို့မဟုတ် နိုင်ငံခြားမြေပေါ်တွင်ဖြစ်သည့် တရားမဝင်လုပ်ဆောင်မှုများကို နှောင့်ယှက်ခြင်းအထိ ပါဝင်သည်။ သံခင်းတမန်ခင်းနှင့် အခြားမူဝါဒဆိုင်ရာ အစီအမံများ မအောင်မြင်သောအခါတွင် စစ်ရေးအရတိုက်ရိုက်အရေးယူလုပ်ဆောင်ရမည့်အစား လျှို့ဝှက်လုပ်ဆောင်မှုမှာ နိုင်ငံများအတွက် အခြားရွေးချယ်စရာတစ်ခုဖြစ်ပေသည်။ ထောက်လှမ်းရေးအေဂျင်စီများစွာရှိသည့် နိုင်ငံများတွင် ပြင်ပထောက်လှမ်းရေးဌာနများကသာ များသောအားဖြင့် လျှို့ဝှက်လုပ်ဆောင်မှုတွင် ပါဝင်ကြသည်။

**ပုံ ၁ နိုင်ငံတော် အဖွဲ့အစည်းများ၏ ထောက်လှမ်းရေး လုပ်ငန်းများ**



## ထောက်လှမ်းရေး သတင်းကို မည်သို့ထုတ်ဖော်သနည်း။

ထောက်လှမ်းရေး သတင်းကို **ထောက်လှမ်းရေး သံသရာစက်ဝန်း** (ပုံ ၂) ဟုသိကြသည့် လုပ်ငန်းစဉ်တစ်ခုအတွင်း ထုတ်ဖော်ပါသည် -

- **စီမံချက်ရေးဆွဲခြင်း နှင့် ဦးတည်ချက်ပေးခြင်း** သည် အစိုးရမူဝါဒဘောင်အတွင်း ထောက်လှမ်းရေးဌာန၏ ဦးတည်ရည်မှန်းချက်များကို သတ်မှတ်ပေးပြီး ခြိမ်းခြောက်မှုဆိုင်ရာ အကဲဖြတ်ချက်တွက်ချက်မှုများအရ အရင်းအမြစ်များကို ခွဲဝေပေးသည်။
- **သတင်းအချက်အလက် ကောက်ယူစုဆောင်းခြင်း** သည် လူပုဂ္ဂိုလ်များ၊ နေရာများ၊ ဖြစ်ရပ်များနှင့် လှုပ်ရှားမှုများအကြောင်း အချက်အလက်စုဆောင်းရန်အတွက် ပွင့်လင်းသောသတင်းရင်းမြစ်များနှင့် လျှို့ဝှက်သော သတင်းရင်းမြစ်များ နှစ်မျိုးစလုံးကို အသုံးပြုသည်။
- **ခွဲခြမ်းစိတ်ဖြာစစ်ဆေးခြင်း လုပ်ငန်းစဉ်** က စုဆောင်းထားသော အချက်အလက်များကို ဆန်းခါချဆန်းစစ်ခြင်း၊ ယင်းတို့၏ဇစ်မြစ်နှင့် ရည်ရွယ်ချက်ကို စစ်ဆေးအတည်ပြုပြီး ဆန်းစစ်လေ့လာမှုအတွက် ပြင်ဆင်မှုတွင် ဆက်စပ်အကြောင်းအရာကို ထည့်သွင်းပါသည်။
- **ထောက်လှမ်းရေးသတင်းထုတ်လုပ်မှု နှင့် ဆန်းစစ်လေ့လာခြင်း** သည် ဆုံးဖြတ်ချက်ချမှတ်သူများကို အချိန်နှင့်တပြေးညီ၊ တိကျသော၊ လက်တွေ့အမှန်ဖြစ်သောနှင့် ဆောင်ရွက်လုပ်ကိုင်၍ရသော ထိုးထွင်းသိမြင်မှုများကို ဖြစ်ပေါ်စေမည့် ထောက်လှမ်းရေးသတင်းများအဖြစ် သတင်းအချက်အလက်များကို ပြောင်းလဲပေးပါသည်။ ဆန်းစစ်လေ့လာခြင်းသည် လက်တွေ့ အချက်အလက်များ၊ သတင်းအရင်းအမြစ်များ၊ အဓိက ယူဆချက်များ၊ အခြားပုံစံဖြင့် ဖြစ်ပျက်နိုင်ခြေများနှင့် ဩဇာလွှမ်းမိုးမှု ရှိနိုင်သော်လည်း အမှန်မသိနိုင်သောအကြောင်းတရားများ စသည်တို့ကို လွှမ်းခြုံသင့်ပါသည်။
- **သတင်းဖြန့်ဝေမှု** သည် သတိပေးချက်နှင့် အခြေအနေအစီရင်ခံစာများ၊ အကဲဖြတ်တွက်ချက်မှုများ၊ ခန့်မှန်းခြေများနှင့် အကျဉ်းချုပ်များ အပါအဝင်ဖြစ်သည့် ထောက်လှမ်းရေးသတင်းများကို ဆုံးဖြတ်ချက်ချမှတ်သူများကို မျှဝေပေးပါသည်။ မည်သူက မည်သည့် ထောက်လှမ်းရေးသတင်းအမျိုးအစားကို လက်လှမ်းမီရယူပိုင်ခွင့်ရှိခြင်းကို ဆုံးဖြတ်ခြင်းမှာ ထောက်လှမ်းရေး သံသရာစက်ဝန်းအတွင်းအတွက်သော်လည်းကောင်းနှင့် ထောက်လှမ်းရေးလုပ်ငန်းအပေါ် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းရေးအတွက်သော်လည်းကောင်း အလွန်အရေးပါသည့် ဆုံးဖြတ်ချက်ဖြစ်ပါသည်။
- **သတင်းအသုံးပြုမှုနှင့် တုံ့ပြန်မှတ်ချက်ပေးမှု** သည် နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်သူများသည် ဆုံးဖြတ်ချက်များချရန်အတွက် ထောက်လှမ်းရေးသတင်းများကို အသုံးပြုသည့်အခါ ဖြစ်ပေါ်ပါသည်။ ထောက်လှမ်းရေးအသိုင်းအဝိုင်းကို တုံ့ပြန်မှတ်ချက်ပေးရာတွင် အနာဂတ် ထောက်လှမ်းရေးဆိုင်ရာ လိုအပ်ချက်များအပေါ် လမ်းညွှန်ပေးခြင်း ပါဝင်ရာ၊ ယင်းကို စီမံချက် အစီအစဉ်ဆွဲခြင်းနှင့် ဦးတည်ချက်ပေးခြင်း လုပ်ငန်းစဉ်အတွင်း ဖြည့်သွင်းကာ သံသရာကို ပြန်လည်စတင်စေပါသည်။

**ပုံ ၂ ထောက်လှမ်းရေး သံသရာစက်ဝန်း**



### ထောက်လှမ်းရေးဌာနများက မည်ကဲ့သို့ နှောက်ယှက်စွက်ဖက်နိုင်သော ဥပဒေအာဏာများကို ကိုင်စွဲထားသနည်း။

**ထောက်လှမ်းရေးဌာနများသည် ယင်းတို့၏ လုပ်ပိုင်ခွင့်တာဝန်များကို ဖြည့်ဆည်းရန်အတွက် အထူးဥပဒေအာဏာများနှင့် စွမ်းရည်များကို ပေးအပ်ခံထားရပါသည်။** အဆိုပါ အခွင့်အာဏာများသည် နိုင်ငံတော်၏ နောက်ခံအခင်းအကျင်းနှင့် ထောက်လှမ်းရေးဌာနများ၏ လုပ်ငန်းများအပေါ် မူတည်နေလျှက်ရှိသည့်အပြင် နိုင်ငံတကာနှင့် လူ့အခွင့်အရေး ဥပဒေကို ချိုးဖောက်ခြင်း မပြုသင့်ပါ။ သို့ဖြစ်ပါသော်လည်း ထောက်လှမ်းရေးဌာနများသည် အချို့သော နယ်ပယ်ကိစ္စရပ်များတွင် လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများကို ကန့်သတ်ရန် တရားဝင်ခွင့်ပြုခံထားရပါသည်။

ယင်းတို့တွင် ပါဝင်နိုင်သည်များမှာ -

- အနီးကပ် စောင့်ကြည့်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အပြန်အလှန်ဆက်သွယ်ရေးကို ကြားဖြတ်ခြင်းကဲ့သို့သော **ကိုယ်ရေးကိုယ်တာအခွင့်အရေးကို ချိုးဖောက်** နိုင်သည့် ထောက်လှမ်းရေးသတင်း စုဆောင်းမှုနည်းလမ်းများ။
- ဥပဒေကြပ်မတ်လိုက်နာစေရေး အာဏာပိုင်များကဲ့သို့သော အစိုးရအေဂျင်စီများအတွင်း **ပုဂ္ဂိုလ်ရေး ကိုယ်ရေးကိုယ်တာအချက်အလက်များကို အသုံးပြုခြင်းနှင့် မျှဝေခြင်း၊**
- အချို့သောနိုင်ငံများတွင် တရားဥပဒေကြပ်မတ်လိုက်နာစေရေးနှင့် ဖမ်းဆီးချုပ်နှောင်နိုင်သည့် အခွင့်အာဏာ (**လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ချုပ်ချယ်ခြင်း**)
- နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်မှုများကို တန်ပြန်ရန် ရည်ရွယ်သည့် **လျှို့ဝှက်စစ်ဆင်ရေး** (တစ်ခါတစ်ရံတွင် ဥပဒေအား တစ်ဖက်သတ် ဖျက်သိမ်းလိုက်ခြင်းဖြစ်)

ဤသို့ ကျယ်ပြန့်ပြီး ဝင်ရောက်စိုးမိုးစွက်ဖက်နိုင်ခြေရှိသော အခွင့်အာဏာများကို နိုင်ငံတစ်နိုင်ငံက ယင်း၏ ကိုယ်ပိုင်လူထုအပေါ်တွင်လည်း ဦးတည်ဆောင်ရွက်မှု ပြုကောင်းပြုနိုင်ပါသည်။ ထို့အတွက်ကြောင့် **ကျား-မ တန်းတူညီမျှမှု အပါအဝင် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုတို့ကို အာမခံချက်ပေးရန် ထောက်လှမ်းရေးဌာနများသည် တင်းကျပ်သောထိန်းချုပ်မှုများကို လိုအပ်သည်** (SSR နောက်ခံအကြောင်းအရာလက်စွဲ၊ "ထောက်လှမ်းရေးကဏ္ဍအပေါ် စောင့်ကြည့်ထိန်းကျောင်းမှု" ကိုကြည့်ပါ)။ ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံသားအခွင့်အရေးနှင့် လူ့အခွင့်အရေးကို ကန့်သတ်သည့် အစီအမံများသည် ဥပဒေ၊ ဂရုတစိုက် စစ်ဆေးမှုခံယူထားသည့် ရည်ရွယ်ချက်၊ လိုအပ်မှု၊ အချိုးကျမှုနှင့် အခြားသော ပြည်တွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများနှင့် လိုက်လျောညီထွေဖြစ်မှု စသည်တို့အပေါ်တွင် အခြေခံကိုခံရမည်ဖြစ်ကာ၊ သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခုထံ တိုင်ကြားမှုများပြုလုပ်၍ ကိုင်တွယ်ဖြေရှင်းရန်နှင့် နစ်နာမှုအတွက် ထိရောက်သော ဖြေရှင်းကုစားပေးမှု ရှာဖွေနိုင်ရန်

▶ **ထောက်လှမ်းရေး သတင်းရင်းမြစ်များ** ထောက်လှမ်းရေးသတင်းသည် အမျိုးမျိုးသော သတင်းရင်းမြစ်များမှ စုဆောင်းထားသော သတင်းအချက်အလက်များဖြစ်ပြီး ယင်းတို့အထဲမှ တစ်ချို့သော သတင်းရင်းမြစ်များကသာ လူသိရှင်ကြား မရရှိနိုင်ခြင်းဖြစ်သည်။ ယင်းတို့တွင် ပါဝင်သည်များမှာ -

- ပွင့်လင်းသော သတင်းရင်းမြစ်မှလာသည့် ထောက်လှမ်းရေးသတင်း ( OSINT ) : ထောက်လှမ်းရေးအတွက် ပွင့်လင်းသော ရင်းမြစ်မှလာသည့် သတင်းအချက်အလက်များကို အသုံးပြုခြင်း၊
- လူသားထံမှလာသော ထောက်လှမ်းရေးသတင်း ( HUMINT ) : အေးဂျင့်များ၊ အတွင်းသိများနှင့် အခြားသော သတင်းပေးသူများကဲ့သို့သော လူများက စုဆောင်းပေးသောသတင်း၊
- ဆက်သွယ်ထုတ်လွှင့်မှုမှလာသော ထောက်လှမ်းရေးသတင်း (SIGINT) : အပြန်အလှန် ဆက်သွယ်ရေးစနစ်များနှင့် အီလက်ထရောနစ်ထုတ်လွှတ်မှုများမှ ကြားဖြတ်ဖမ်းယူခြင်းမှရသောသတင်း၊ ထိုသို့သော အခြားရင်းမြစ်များအပါအဝင်၊
- ရုပ်ပုံမှပေးသော ထောက်လှမ်းရေးသတင်း ( IMINT ): မြေပြင်၊ ကောင်းကင် သို့မဟုတ် အာကာသမှ ပုံရိပ်ဖမ်းနည်းပညာများ၊
- တိုင်းတာခြင်းနှင့် သီးသန့်တည်ရှိနေသော အမှတ်အသားတို့မှလာသော ထောက်လှမ်းရေးသတင်း ( MASINT ): နျူကလီးယား၊ အလင်းပြန်ခြင်း၊ ရေဒီယိုကြိမ်နှုန်း၊ အသံပိုင်းဆိုင်ရာ၊ မြေထုတုန်ခါခြင်း သို့မဟုတ် အခြားစောင့်ကြည့်လေ့လာခြင်းမှရရှိသော နည်းပညာပိုင်းဆိုင်ရာနှင့် သိပ္ပံဆိုင်ရာ ဒေတာအချက်အလက်များ။

**သတင်းအချက်အလက်နှင့် ဒေတာအချက်အလက်များကို ခွဲခြမ်း စိတ်ဖြာစစ်ဆေးခြင်း လုပ်ငန်းစဉ်ပြုလုပ်ကာ ဆန်းစစ်လေ့လာပြီးမှသာ ထောက်လှမ်းရေးသတင်းအချက်အလက် ဖြစ်လာပါသည်။**

လူတစ်ဦးချင်းစီအား ခွင့်ပြုပေးပါသည်။

ဒီမိုကရေစီနိုင်ငံများသည် ယင်းတို့၏ ထောက်လှမ်းရေးဌာနများကို သတင်းအချက်အလက် စုဆောင်းခြင်းမှ များသောအားဖြင့် တားမြစ်ထားသည်များမှာ -

- နိုင်ငံတော်နှင့် ယင်း၏လူထုကို ခြိမ်းခြောက်မှုမပြုသော လူပုဂ္ဂိုလ်များနှင့် လှုပ်ရှားမှုများအကြောင်း၊
- တရားဝင်နိုင်ငံရေးနှင့် လူမှုရေးလုပ်ငန်းများအကြောင်း၊
- သီးခြားအကျိုးစီးပွားတစ်ခုခုကို အားပေးမြှင့်တင်ပေးရန် ရည်ရွယ်ချက်အတွက် စသည်တို့အတွက် မလုပ်ရန် ဖြစ်ပါသည်။

ထို့အပြင်၊ ဆရာဝန်များ၊ ရှေ့နေများ သို့မဟုတ် ဂျာနယ်လစ်များကဲ့သို့ အချို့သော ကျွမ်းကျင်ပညာရှင်များသည် လူ့အဖွဲ့အစည်းအတွက် ၎င်းတို့ပေးအပ်သည့် ဝန်ဆောင်မှုများအပေါ် အခြေပြု၍ အကာအကွယ်ပေးခံထားရနိုင်ပါသည်။

ထောက်လှမ်းရေးဌာနများသည် တရားဥပဒေကြပ်မတ်လိုက်နာစေရေးကို ပံ့ပိုးကူညီရန် ရာဇဝတ်မှုအား ထောက်လှမ်းခြင်းဆိုင်ရာ သီးခြားနယ်ပယ်တွင် လုပ်ဆောင်ခြင်းမရှိပါက ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ထိန်းသိမ်းခြင်းကဲ့သို့သော **ဥပဒေကြပ်မတ်လိုက်နာစေရေး အာဏာများကို ထောက်လှမ်းရေးဌာနများက ဆုပ်ကိုင်ထားလေ့မရှိပါ**။ လုံခြုံရေးအတွက် ထောက်လှမ်းမှုသည် တရားဥပဒေကြပ်မတ်လိုက်နာစေရေး ကိစ္စများအတွက် ထောက်လှမ်းမှုနှင့် များစွာကွာခြားသည် (ပုံ ၃)။

**ဒီမိုကရေစီ မဆန်သော အစိုးရများသည် နိုင်ငံရေး ဖိနှိပ်မှုများအတွက် စွမ်းရည်များ အားကောင်းစေရန် ချဲ့ကားပေးထားသော ဥပဒေကြပ်မတ်ရေး အခွင့်အာဏာကို ထောက်လှမ်းရေးဌာနများအား ပေးထားလေ့ရှိသည်**။ အာဏာအလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ရန်၊ အချို့သော နိုင်ငံများသည် ထောက်လှမ်းရေးလုပ်ငန်းနှင့် ဥပဒေကြပ်မတ်ရေးလုပ်ငန်းတို့အကြား ကျင့်ဝတ်ပိုင်းနှင့် ဥပဒေပိုင်းခြားနားချက်များကို ခွဲခြားထားရာ၊ ထောက်လှမ်းရေးလုပ်ငန်းက ကိစ္စတစ်ခုကို ဥပဒေကြပ်မတ်ရေးလုပ်ငန်းဖြစ်သည်ဟု သိရှိသတ်မှတ်လိုက်သည့်အခါ ထောက်လှမ်းရေးအသိုင်းအဝိုင်းပြင်ပမှ အရာရှိများက ထိုကိစ္စကို တိုက်ရိုက်အရေးယူဆောင်ရွက်ရမည်ဖြစ်သည်။

## ထောက်လှမ်းရေးဌာနများသည် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေးကိစ္စကို မည်သို့လိုက်နာနိုင်မည်နည်း။

ထောက်လှမ်းရေးဌာနတစ်ခု၏ လုပ်ငန်းဆောင်တာများ၊ ဖွဲ့စည်းပုံများနှင့် အထူးလုပ်ငန်းတာဝန်များကို ဥပဒေအရနှင့် ခြိမ်းခြောက်မှုဆိုင်ရာအတွက် အမျိုးသားအဆင့် အမြင်ခံယူချက်အရ ဆုံးဖြတ်သည့်အတွက် နောက်ခံအခြေအနေအပေါ် မူတည်ပါသည်။ အာဏာရှင်ဆန်သော နိုင်ငံနယ်မြေများတွင် ထောက်လှမ်းရေးဌာနများသည် အစိုးရကို ကာကွယ်ပေးပြီး နိုင်ငံရေး ဖိနှိပ်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်နေနိုင်သည်။ ဒီမိုကရေစီနိုင်ငံများတွင် ထောက်လှမ်းရေးဌာနများသည် ပြည်သူ့ကဏ္ဍ၏ အစိတ်အပိုင်း ဖြစ်သောကြောင့် အများပြည်သူအကျိုးကို ဆောင်ရွက်ပေးပါသည်။ ထောက်လှမ်းရေးဌာနများ၏ အထူးလုပ်ပိုင်ခွင့်အာဏာများသည် အခြားအစိုးရအေဂျင်စီများ သို့မဟုတ် ပုဂ္ဂလိကတစ်ဦးချင်းစီအတွက် မရရှိနိုင်သည့်အပြင် ၎င်းတို့သည် **ဒီမိုကရေစီတန်ဖိုးများကို ထိပါးစေနိုင်သည်**။ ထို့ကြောင့် အခြားသော အစိုးရအဖွဲ့အစည်းများ လိုက်နာရမည့် အခြေခံမူများကို ထောက်လှမ်းရေးဌာနများအပေါ် ခြားနားသော အတိုင်းအတာများဖြင့် ကျင့်သုံးရန် ချမှတ်ထားလေ့ရှိသည်။

သို့ရာတွင် ထောက်လှမ်းရေးလုပ်ငန်းက တရားဥပဒေစိုးမိုးမှုအတွင်း ဆက်လက်တည်ရှိနေစေရန်နှင့် ကျားမ တန်းတူညီမျှမှုအပါအဝင် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုရှိစေရန်ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ အခြေခံမူများကို လိုအပ်ပါသည်။ ယင်းကြောင့် ထောက်လှမ်းရေးဌာနများ၏ လုပ်ပိုင်ခွင့်တာဝန်၊ အခန်းကဏ္ဍနှင့် တာဝန်များကို ဥပဒေက ရှင်းရှင်းလင်းလင်း သတ်မှတ်ပေးရန် လိုအပ်သည်။

ထောက်လှမ်းရေးဌာနများသည် ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ အခြေခံမူများကို လိုက်နာသောအခါ -

- ထောက်လှမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအားလုံးကို စောင့်ကြည့်ထိန်းကျောင်းသော ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရသော အာဏာပိုင်များထံတွင် တာဝန်ခံခြင်း၊
- အများသူငှာ အကျိုးစီးပွားကို ပေါ်ပေါ်ထင်ထင် ဆောင်ရွက်မှုပြုလုပ်နေစဉ် ထိလွယ်ရှလွယ်ဖြစ်သော သတင်းအချက်အလက်များကို ကာကွယ်ပေးသည့် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်း မှုစနစ်တစ်ခုအတွင်း ပွင့်လင်းမြင်သာမှုရှိခြင်း၊

**ပုံ ၃ လုံခြုံရေးအတွက် ထောက်လှမ်းမှုနှင့် တရားဥပဒေကြပ်မတ်ရေးအတွက် ထောက်လှမ်းမှု**

| လုံခြုံရေးအတွက် ထောက်လှမ်းမှု | | ဥပဒေကြပ်မတ်ရေးအတွက် ထောက်လှမ်းမှု |
|---|---|---|
| ခြိမ်းခြောက်မှုများကို သိရှိနားလည်ရန် | အထူးလုပ်ငန်းတာဝန် | ဥပဒေချိုးဖောက်သူများကို ဖမ်းဆီးခြင်း |
| အရေးယူဆောင်ရွက်ရခြင်းအတွက် အခြေခံကောင်းရှိရန် | စံနှုန်း | တရားစီရင်မှုအတွက် သက်သေအထောက်အထားဆိုင်ရာ စံနှုန်းများကို ပြည့်မီရန် |
| ဖြစ်ရပ်မဖြစ်ခင် - ဖြစ်လာနိုင်မည့် ဖြစ်ရပ်ကို ကြိုတင်ခန့်မှန်းတွက်ချက်၍ မဖြစ်အောင်တားဆီးရန် | အချိန်ကာလ | ဖြစ်ရပ်ဖြစ်ပြီးနောက် - ဥပဒေချိုးဖောက်မှုဖြစ်ပြီးနောက် ရာဇဝတ်မှုဆိုင်ရာ သက်သေအထောက်အထားကို စုဆောင်းရန် |
| အမြင့်ဆုံး လျှို့ဝှက်ပေးမှု - လှစ်ဟထုတ်ဖော်ခြင်းကို ရှောင်ရှားရန် အမြင့်ဆုံးကြိုးပမ်းမှုများ | သတင်းရင်းမြစ်များ | အသီးသီးသော သက်သေအ ထောက်အထားတို့၏ ကွင်းဆက်အတွင်း အစိတ်အပိုင်းအသီးသီးကို တရားရုံးတွင် စစ်ဆေးရန် |

- ရှင်းလင်းပြတ်သားသော ဥပဒေဘောင်အတွင်း လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာခြင်း၊
- ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စီမံအုပ်ချုပ်မှု နှစ်ရပ်စလုံးတွင် အားလုံးပါဝင်နိုင်မှုရှိပြီး ခွဲခြားဆက်ဆံမှုမရှိသော၊ ကျား-မ ရေးရာအတွက် လိုလားမှုရှိသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ခြင်း၊
- နိုင်ငံတော်နှင့် လူသားလုံခြုံရေးအတွက် ၎င်းတို့၏ လုပ်ပိုင်ခွင့်တာဝန်များကို ထိရောက်စွာ ဖြည့်ဆည်းပေးခြင်း၊
- အများပိုင် အရင်းအမြစ်များကို အတတ်နိုင်ဆုံး အကောင်းဆုံးအသုံးပြုခြင်းဖြင့် ပြည်သူ့မူဝါဒ၏ ဦးတည်ရည်မှန်းချက်များကို မြန်ဆန်ထိရောက်စွာ ပြည့်မီအောင် ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ အခြေခံမူများကို လျစ်လျူရှုခြင်းသည် ဆိုးရွားသော ရလဒ်များ ဖြစ်နိုင်စေနိုင်ရာ၊ ဥပမာ -

- စောင့်ကြည့်ထိန်းကျောင်းမှု မလုံလောက်ခြင်းသည် ထောက်လှမ်းရေးဌာနများအပေါ် ယုံကြည်စိတ်ချရမှုနှင့် တရားဝင်စေမှုကို ပျက်ပြားစေသည်။
- အလွန်အကျွံလျှို့ဝှက်မှုသည် နိုင်ငံတော်နှင့် လူသားလုံခြုံရေးကို အန္တရာယ်ဖြစ်စေသော မတော်မတရားဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးသည်။
- တရားမဝင်သည့် လုပ်ဆောင်မှုသည် ထောက်လှမ်းရေးဌာနများက ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည့် နိုင်ငံတော်နှင့် လူသားလုံခြုံရေးကို ထိခိုက်စေသည်၊
- သီးခြားကိစ္စကို ထောက်လှမ်းမှုပြုလုပ်သည့် ဌာနများသည် လူထု၏ အစိတ်အပိုင်းများကို ဖိနှိပ်ရန် တိမ်းညွှတ်သွားနိုင်သည်၊ သို့မဟုတ် စာရင်းတွင်မပါသည့် အုပ်စုများမှ သတင်းအချက်အလက်များကို လက်လှမ်းမီရရှိနိုင်မှု နည်းပါးနိုင်ပြီး ကွဲပြားသော ရှုမြင်ပုံများကို အကဲဖြတ်ရန် ပျက်ကွက်နိုင်သည်။
- အစိုးရ၏ နိုင်ငံရေးဆိုင်ရာ လက်ငင်းစိုးရိမ်မှုများကို ဦးစားပေး၍ လက်ရှိနှင့် အနာဂတ် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို လျစ်လျူရှုထားသောကြောင့် နိုင်ငံရေးသွတ်သွင်းထားသည့် ထောက်လှမ်းရေးဆောင်ရွက်မှုသည် ထိရောက်မှုမရှိပါ။

မြန်ဆန်ထိရောက်မှုမရှိသော ထောက်လှမ်းရေးဌာနများသည် အရင်းအမြစ်များကို ဖြုန်းတီးခြင်း သို့မဟုတ် ၎င်းတို့ အသုံးပြုပုံအား တာဝန်ခံမှုပျက်ကွက်ခြင်း စသည်တို့ဖြစ်ပါသည်။

ကောင်းမွန်သော အုပ်ချုပ်ရေး ကင်းမဲ့ခြင်းကြောင့် အဆိုးအစွန်အထိဖြစ်နိုင်သည်မှာ နိုင်ငံရေးတစ်ခုခု၏ အကျိုးစီးပွားများကိုသာ အလုပ်အကျွေးပြုပေးပြီး အခြားနိုင်ငံရေးများကို ထိန်းသိမ်းကြပ်မတ်မှုတစ်ခုကို ဖြစ်ပေါ်စေနိုင်ပြီး ယင်းအခြေအနေကို နိုင်ငံရေး ဖိနှိပ်မှုအတွက် အသုံးချကောင်းချနိုင်ပါသည်။

### ▶ လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR)

ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းတို့တွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးအခြေခံမူများအား အသုံးချကျင့်သုံးပုံကို **ကောင်းမွန်သည့် SSG** က ဖော်ပြပေးပါသည်။ ကောင်းမွန်သည့် SSG အခြေခံမူများမှာ တာဝန်ခံခြင်းရှိမှု၊ ပွင့်လင်းမြင်သာခြင်းရှိမှု၊ တရားဥပဒေစိုးမိုးခြင်းရှိမှု၊ ပူးပေါင်းပါဝင်နိုင်မှု၊ တုံ့ပြန်ဖြေရှင်းနိုင်မှု၊ မှန်ကန်ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု စသည်တို့ဖြစ်ပါသည်။

**လုံခြုံရေးကဏ္ဍ**ဟူသည် လုံခြုံရေး ဆောင်ရွက်ပေးသူများသာ မဟုတ်ပေ - နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်ဆင့်တို့ရှိ လုံခြုံရေးအား စီမံခန့်ခွဲရန်နှင့် စောင့်ကြည့်ထိန်းကျောင်းပေးရန် တာဝန်ရှိသော အဖွဲ့အစည်းများအားလုံးနှင့် လူပုဂ္ဂိုလ်များအားလုံး လုံခြုံရေးကဏ္ဍတွင် ပါဝင်ပါသည်။

**ကောင်းမွန်သော SSG အား အစပြုတည်ထောင်ခြင်းသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး၏ ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။ SSR** ဟူသည်မှာ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းကိစ္စတို့ကို ပိုမိုမှန်ကန်ထိရောက်၍ ပိုမိုတာဝန်ခံမှုရှိစေခြင်း အလို့ငှာ ပြုမူရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားလိုက်နာမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံနှင့် လူသားတို့လုံခြုံရေးကို တိုးတက်ကောင်းမွန်စေမည့် နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ကာ နည်းစနစ်ဆန်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်မှာ မှန်ကန်ထိရောက်မှုနှင့် တာဝန်ခံခြင်းရှိမှု နှစ်ခုစလုံးအား တိုးတက်စေရန် ဖြစ်နေသမျှကာလပတ်လုံး SSR သည် ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်းကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းကိုသာဖြစ်စေ သို့မဟုတ် ကဏ္ဍစနစ်တစ်ခုလုံး လည်ပတ်စေသည့် နည်းလမ်းကိုပင်ဖြစ်စေ အဓိကအလေးပေးထားနိုင်ပါသည်။

ယခုကဲ့သို့သော အခြေခံအဓိပ္ပာယ်ဖွင့်ဆိုမှုများကို ထပ်ဆင့်သိရှိလိုပါက SSR နောက်ခံအကြောင်းအရာလက်စွဲများဖြစ်ကြသည့် “လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု”၊ “လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး” နှင့် “လုံခြုံရေးကဏ္ဍ” တို့ကိုကျေးဇူးပြု၍ ကိုးကားပါ။

## လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုသည် ထောက်လှမ်းရေးဌာနများကို မည်သို့အကျိုးပြုသနည်း။

SSR ၏ အစိတ်အပိုင်းအနေဖြင့် ထောက်လှမ်းရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးက တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုတို့ကို အာမခံသော ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုဖြင့် ထောက်လှမ်းရေးကဏ္ဍအပေါ် ကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ အခြေခံမူများကို ကျင့်သုံးခြင်းဖြင့် ဖော်ပြခဲ့ပြီးသော အန္တရာယ်များကို လျှော့ချရန် ရည်ရွယ်ပါသည်။

**SSR သည် ထောက်လှမ်းရေးဌာနများကို အကျိုးပြုရာ၊ အကြောင်းမှာ**

- ဒီမိုကရေစီနည်းကျ ခိုင်မာသော စောင့်ကြည့်ထိန်းကျောင်းမှုသည် ထောက်လှမ်းရေးဌာနများအား နိုင်ငံရေးပိုင်းမှ အာဏာပိုင်များ၏ အာဏာအလွဲသုံးစားမှုမှ ကာကွယ်ပေးပြီး ယင်းဌာနများအပေါ် ယုံကြည်နိုင်စိတ်ချနိုင်မှုနှင့် တရားဝင်မှုကို မြှင့်တင်ပေးသည်။
- အပြုအမူနှင့် အရင်းအမြစ်များကို အသုံးပြုမှုအတွက် တာဝန်ခံယူမှုရှိသော အဖွဲ့အစည်းများအတွင်း ထောက်လှမ်းရေး ကျွမ်းကျင်ပညာရှင်များက လုပ်ကိုင်သည့်အခါ ၎င်းတို့အပေါ် မျှတသော ပြုမူဆက်ဆံမှုနှင့် မျှတသော လုပ်ငန်းခွင်အခြေအနေများမှ အကျိုးခံစားရပါသည်။

အမျိုးသမီးများနှင့် လူနည်းစုများပါဝင်သည့် ဟန်ချက်ညီသော လုပ်သားအင်အားရှိသည့် ထောက်လှမ်းရေးဌာနများသည် ထောက်လှမ်းရေးအတွက် ပိုမိုကောင်းမွန်သော လေ့လာဆန်းစစ်မှုကို ဖြစ်ပေါ်စေသည့် ပိုမိုများပြားသည့် အမျိုးမျိုးသော အတွေးအခေါ်များ ရရှိနိုင်စေပြီး လူမှုရေးဘက်လိုက်မှုများကို အံတုနိုင်မည်ဖြစ်သည်။

အားလုံးပါဝင်နိုင်သော ထောက်လှမ်းရေးဌာနများသည် မတူညီသော လူထုအုပ်စုများ အထူးသဖြင့် လူနည်းစုများ၏ အမျိုးမျိုး ကွဲပြားသော လိုအပ်ရာများကို တုံ့ပြန်ဖြေရှင်းပေးနိုင်ပြီး မတူကွဲပြားသောအရင်းအမြစ်များပါရှိခြင်းဖြင့် အကဲဖြတ်တွက်ချက်မှု အရည်အသွေးကို တိုးမြှင့်ပေးနိုင်ခြင်း စသည်တို့ အတွက်တို့ကြောင့်ဖြစ်ပါသည်။

## လျှို့ဝှက်မှုကို ကောင်းမွန်သော အုပ်ချုပ်မှုပေးရေးစနစ်နှင့် မည်သို့ သဟဇာတဖြစ်စေနိုင်သနည်း။

ထောက်လှမ်းရေးဌာနများသည် လျှို့ဝှက်မှုပေါ်တွင် အားပြုသော်လည်း **ထောက်လှမ်းရေးဌာနများ၏ လုပ်ဆောင်ချက်အားလုံးသည် ညီတူညီမျှ ထိလွယ်ရှလွယ် ဖြစ်နေကြသည်မဟုတ်ပါ**။ ထို့ကြောင့် ယင်းကိစ္စများသည် သတင်းအချက်အလက်များအပေါ် လက်လှမ်းမီရယူနိုင်စေရေးဆိုင်ရာ ဥပဒေများလက်အောက် ကျရောက်ကောင်း ကျရောက်နေနိုင်ပါသည်။ ထောက်လှမ်းရေးကဏ္ဍအပေါ် စောင့်ကြည့်ထိန်းကျောင်းရေး အခင်းအကျင်းအတွင်းတွင် တရားရုံးများနှင့် ခုံရုံးများ အပါအဝင်ဖြစ်သော စောင့်ကြည့်ထိန်းကျောင်းရေးဆိုင်ရာ၊ တိုင်တန်းမှုစုံစမ်းစစ်ဆေးရေးဆိုင်ရာနှင့် အယူခံဝင်မှုဆိုင်ရာ အဖွဲ့အစည်းများရှိရာ၊ တရားဝင်လျှို့ဝှက်အပ်မှုအဆင့် မည်သို့ပင်ရှိနေပါစေ သတင်းအချက်အလက်အားလုံးကို ယင်းအဖွဲ့အစည်းများက ရယူပိုင်ခွင့်ရှိနေပါသည်။ သို့ဖြစ်ပါသော်လည်း၊ ဌာန၏ လုပ်ပိုင်ခွင့်တာဝန်အပေါ်မူတည်၍ လူတစ်ဦးချင်း၊ ဌာနများနှင့် နိုင်ငံကို ထိခိုက်မှုမှကာကွယ်ရန် ပြင်ပစောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့များထံကပင် လျှို့ဝှက်ထားအပ်မှုကို ထောက်လှမ်းရေး၏ အစိတ်အပိုင်းအချို့က လိုအပ်ပါသည်။ အဆိုပါအစိတ်အပိုင်းကဏ္ဍများတွင် ပါဝင်ကောင်းပါဝင်နိုင်သည်များမှာ -

- သတင်းရင်းမြစ်များ၊ ဆက်လက်လုပ်ဆောင်နေသော လုပ်ငန်းများ၊ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများအကြောင်း သတင်းအချက်အလက်များ၊
- လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများ၏ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားနှင့် ၎င်းတို့ သိရှိထားသည့်အရာများ၊
- နိုင်ငံခြားဌာနများက ယုံကြည်စိတ်ချမှုဖြင့် ပေးအပ်ထားသော ထောက်လှမ်းရေးသတင်း၏ ဇစ်မြစ်နှင့် အသေးစိတ်အချက်အလက်များ။

လှူပ်ရှားဆောင်ရွက်မှုများကို နည်းလမ်းအမျိုးမျိုးဖြင့် လျှို့ဝှက်ထားနိုင်ပါသည်။ အများအားဖြင့် **တရားမဝင်သောကိစ္စများကို လျှို့ဝှက်လုပ်ဆောင်မှုများ**ကို ပြီးပြည့်စုံသောလျှို့ဝှက်ချက်ဖြင့်ဆောင်ရွက်သည်- ဥပမာအားဖြင့် သူလျှိုလုပ်ရာတွင် သတင်းအချက်အလက် ရယူသည့် လုပ်ရပ်နှင့် လုပ်ဆောင်သူများကို မသိရှိအောင်ထားပါသည်။ **လျှို့ဝှက်လုပ်ဆောင်မှု**တွင် တာဝန်ရှိ ဆောင်ရွက်သူ၏ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားကို လျှို့ဝှက်ထားသော်လည်း လုပ်ဆောင်ချက်ကို လျှို့ဝှက်ပေးထားခြင်းမရှိပါ။ ယင်းက **ယုံကြည်နိုင်လောက်သော ငြင်းဆိုမှု**ကို ပြုလုပ်နိုင်စေရာ - အစိုးရတစ်ရပ်အနေဖြင့် နောက်ပိုင်းတွင် လူသိရှင်ကြား ထုတ်ဖော်ခံရသည့် လုပ်ဆောင်မှုတစ်ခုအပေါ် သိရှိခြင်း သို့တည်းမဟုတ် တာဝန်ရှိခြင်း မရှိကြောင်းကို ခိုင်ခိုင်လုံလုံ ငြင်းပယ်နိုင်ပါသည်။ ယုံကြည်နိုင်လောက်သော ငြင်းပယ်နိုင်မှုသည် သံတမန်ရေးအရ ကျော်လွန်သော လမ်းကြောင်းကိုပံ့ပိုးပေးသော်လည်း စစ်တပ်အင်အားသုံးစွဲခြင်းကို မလိုအပ်ပါ။

နိုင်ငံများသည် လျှို့ဝှက်လုပ်ဆောင်မှု အမျိုးအစားအမျိုးမျိုးကို အသုံးဝင်ကြောင်း တွေ့ရှိသော်လည်း **အလွန်အကျွံလျှို့ဝှက်မှုသည် ဒီမိုကရေစီနိုင်ငံများတွင်ရှိသော ထောက်လှမ်းရေးဌာနများ၏ တရားဝင်မှုကို လျော့နည်းစေသည်**။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့နှင့် ပေါင်းစပ်ထားသော ပွင့်ပွင့်လင်းလင်းရှိမှုသည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အခြေခံကျသည်။ သတင်းအချက်အလက်ကို လူသိရှင်ကြားထုတ်ပြန်ပါက **သိသာထင်ရှားသော အန္တရာယ်ဖြစ်နိုင်ခြေရှိ၍ လျှို့ဝှက်ထားရကြောင်း ထင်ရှားသည့် ခြွင်းချက်တစ်ခုရှိရန် လိုအပ်ပါသည်**။

မူအရ၊ **သတင်းအချက်အလက်များကို လျှို့ဝှက်ထားရန်အတွက် ရှင်းလင်းသော ဥပဒေဘောင် အခြေခံရှိရမည်**။ တရားဝင်လျှို့ဝှက်မှုအတွက် စည်းမျဉ်းစည်းကမ်းများ၊ လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်နှင့် စောင့်ကြည့်ထိန်းကျောင်းရေး အဖွဲ့အစည်းများက သတင်းအချက်အလက်များကို လက်လှမ်းမီခြင်း စသည်တို့က အလွန်အကျွံ

လျှို့ဝှက်မှုမှ ကာကွယ်ပေးပါသည်။ တရားမဝင်ခြင်းနှင့် ကျင့်ဝတ်နှင့် မညီခြင်းကို ဖော်ထုတ်ရန် **ပိုမိုခိုင်မာသော စောင့်ကြည့်ထိန်းကျောင်းမှုကိုရှိစေရန် ပွင့်လင်းမှုရှိခြင်းက အားပေးကူညီပါသည်၊** ယင်းသို့ဖြစ်ခြင်းက ပြစ်ဒဏ်မှကင်းလွတ်စွာနေသည့် ယဉ်ကျေးမှုတစ်ရပ်ကို ဖန်းတီးခြင်း မပြုလုပ်ရန် ထောက်လှမ်းရေးကဏ္ဍကို တားဆီးပေးပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲ၊ "ထောက်လှမ်းရေးကဏ္ဍအပေါ် စောင့်ကြည့်ထိန်းကျောင်းမှု" သည် ဒီမိုကရေစီနည်းကျ စောင့်ကြည့်ထိန်းကျောင်းမှုအတွင်း လျှို့ဝှက်ချက်များကို စီမံခန့်ခွဲခြင်းဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးပါသည်။

## နိုင်ငံတကာ ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ အဘယ်နည်း။

**နိုင်ငံတကာ ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုတွင် ကာကွယ်ရေး၊ နိုင်ငံတော် လုံခြုံရေးနှင့် အုပ်စုလိုက်စီစဉ်ကျူးလွန်သည့် ကြီးလေးသော ရာဇဝတ်မှုအား တားဆီးခြင်း စသည်တို့အပါအဝင်ဖြစ်သော ရည်ရွယ်ချက်များအတွက် မတူညီသော နိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့များအကြား ဆက်ဆံရေး သို့မဟုတ် လက်တွဲဆောင်ရွက်ခြင်းစသည်တို့ ပါဝင်သည်။**

**ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုက ထောက်လှမ်းရေးဌာနများ၏ ကိုယ်ပိုင်လုပ်ငန်းကို အကျိုးပြုပြီး ၎င်းတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အလုပ်အကျွေးပြုပါသည်။** သတင်းအချက်အလက်ဖလှယ်ခြင်းသည် အကြမ်းဖက်မှုကို ကာကွယ်တားဆီးရေးအတွက် အရေးကြီးနိုင်ပါသည်။ တစ်ခါတစ်ရံတွင် နိုင်ငံတကာ ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုသည် စစ်ရာဇဝတ်ကောင်များကို ရှာဖွေခြင်း၊ အုပ်စုလိုက်စီစဉ်ကျူးလွန်သည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများ မပြန့်ပွားရေး သို့မဟုတ် ယင်းကိုတန်ပြန်ခြင်းကဲ့သို့သော ပိုမို၍ ကမ္ဘာအနှံ့ဖြစ်သော ရည်ရွယ်ချက်တစ်ခုကိုလည်း ဆောင်ရွက်ပေးပါသည်။

ထောက်လှမ်းရေးဌာနများသည် ၎င်းတို့၏ ဥပဒေဘောင်အရ မည်သို့၊ မည်သည့်အချိန်တွင်၊ မည်သည့်နိုင်ငံခြားထောက်လှမ်းရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရမည်ကို ဆုံးဖြတ်ကြပါသည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းရသည့် အကြောင်းရင်းများမှာ -

- အခြားနည်းဖြင့် ဆောင်ရွက်လျင်ခက်ခဲမည့် **သတင်းအချက်အလက်များကို ရယူခြင်း။** ဖြစ်ပေါ်လာသည့် လုပ်အားခွဲဝေမှုနှင့် ဝန်ထုပ်ဝန်ပိုးခွဲဝေမှု ရလဒ်များသည် မြန်ဆန်ထိရောက်မှုကို တိုးမြှင့်နိုင်သည်။
- ခြိမ်းခြောက်မှုများနှင့် အရေးကိစ္စ ပြဿနာများဆိုင်ရာ **အခြားရှုထောင့်များကို စုစည်းခြင်း၊** ယင်းက ခိုင်မာသော ယူဆချက်များကို စိန်ခေါ်ခြင်းဖြင့် ဆုံးဖြတ်ချက်ချခြင်းကို ပိုမိုကောင်းမွန်စေပါသည်။
- **အန္တရာယ်များသော** ထောက်လှမ်းရေးသတင်း စုဆောင်းခြင်းလုပ်ငန်းများကို **လျှော့ချခြင်းနှင့် ရှောင်ကြဉ်ခြင်း။** နိုင်ငံခြားထောက်လှမ်းရေးဌာနများသည် ပဋိပက္ခဖြစ်ပွားသော နိုင်ငံများအတွင်းတွင် အန္တရာယ်ကြုံတွေ့မှု နည်းပါးနိုင်သည် သို့မဟုတ် ၎င်းတို့သည် ဒေသခံလူထုနှင့် ကြံအင်လက္ခဏာများ တူနေကြသောကြောင့် ပိုမိုသော လက်လှမ်းမီမှု ရှိနေနိုင်ပါသည်။

ထို့အပြင် နိုင်ငံတကာ ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံပေါင်းစုံသည် အခြေအနေများတွင် အသုံးဝင်နိုင်သည် (ဘုံအကဲဖြတ်တွက်ချက်မှုများနှင့် ဗျူဟာမြောက် အမြင်များကို မျှဝေခြင်း၊ အများသူငှာ ကြည့်ရှုတွေ့မြင်နိုင်မှုထက်ပိုမိုသော စေ့စပ်ညှိနှိုင်းခြင်း၊ ငြိမ်းချမ်းသော ကာကွယ်ရေးဗျူဟာများကို အတည်ပြုခြင်း သို့မဟုတ် ငြိမ်းချမ်းရေး ထိန်းသိမ်းခြင်း အထူးလုပ်ငန်းတာဝန်များကို ပံ့ပိုးပေးခြင်း)။

**သို့သော်လည်း နိုင်ငံတကာ ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုတွင် အန္တရာယ်သက်ရောက်နိုင်ခြေများ ပါဝင်နိုင်သည်။** ယင်းတို့တွင်ပါဝင်သည်များမှာ ဖလှယ်ထားသော သတင်းအချက်အလက်များကို ရည်မှန်းထားသော အသုံးပြုမှုနှင့်ပတ်သက်၍ မသေချာမရေရာမှုများဖြစ်ခြင်း၊ လက်ခံရရှိသည့်အချက်အလက်များ သို့မဟုတ် ယင်းတို့အားရရှိပုံကို စိစစ်ရာတွင် အခက်အခဲများရှိခြင်းနှင့် ပြည်ပမှ နိုင်ငံခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုပြုစဉ် ထိုသူတို့ အသုံးပြုနိုင်သည့် သတင်းအချက်အလက် စုဆောင်းမှုနည်းလမ်းများကို တရားမဝင်ဟု ယူဆထားသော သတင်းရယူမည့် နိုင်ငံအတွက် ဂုဏ်သိက္ခာဆိုင်ရာ ထိခိုက်နိုင်မှု အန္တရာယ်များ တို့ဖြစ်ကြပါသည်။

## နောက်ထပ်ဖတ်စရာ

*On the challenges of effective intelligence and oversight in democracies:*

– Baldino, Daniel (Ed.) (2010)
Democratic Oversight of Intelligence Services
Sydney: The Federation Press.

– Born, Hans, Loch K. Johnson and Ian Leigh (Eds.) (2005).
Who's Watching the Spies?: Establishing Intelligence Service Accountability
Dulles, VA: Potomac Books.

– Herman, Michael (2013).
Intelligence Services in the Information Age: Theory and Practice
London; Portland, OR: Frank Cass.

*On the reform of intelligence services in national contexts:*

– Bruneau, Thomas C. and Scott D. Tollefson (Eds.) (2006)
Who Guards the Guardians and How: Democratic Civil-Military Relations
Austin: University of Texas Press.

– O'Brien, Kevin A. (2011)
The South African Intelligence Services: From Apartheid to Democracy, 1948–2005
New York: Routledge.

– Timmermann, Heiner (Ed.) (2013)
The Future a Memory: The Cold War and Intelligence Services – Aspects
Zurich: LIT Verlag.

– Williams, Kieran and Dennis Deletant (2001)
Security Intelligence Services in New Democracies: The Czech Republic, Slovakia and Romania
New York: Palgrave.

*On international intelligence cooperation:*

– Born, Hans, Ian Leigh and Aidan Wills (2015)
Making International Intelligence Cooperation Accountable
Geneva: DCAF.

– Lefebvre, Stéphane (2003)
The difficulties and dilemmas of international intelligence cooperation
International Journal of Intelligence and CounterIntelligence, 16(4), 527–542.

– OSCE-ODIHR (2007)
Countering Terrorism, Protecting Human Rights: A Manual
Warsaw: ODIHR.

### DCAF ၏ ထပ်ဆင့် အရင်းအမြစ်များ

- DCAF က SSR နှင့်ကောင်းမွန်သော SSG တို့၏ ကဏ္ဍရှုထောင့်အားလုံးအတွက် လက်စွဲသုံးသည့်အရာ (tools) မျိုးစုံ၊ လက်စွဲစာအုပ်များနှင့် လမ်းညွှန်မှု မျိုးစုံကို ထုတ်ဝေသည် - များစွာသော အရင်းအမြစ်များ ကိုလည်း အင်္ဂလိပ်ဘာသာစကားဖြင့်သာမက အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည် -
  အခမဲ့ download ရယူရန် **www. dcaf.ch**

- DCAF-ISSAT လက်တွေ့ကျင့်သုံးရေး အသိုင်းအဝိုင်း website က SSR လုပ်ငန်းဆောင်ရွက်သူများအတွက် အွန်လိုင်းသင်ယူမှု အရင်းအမြစ်အမျိုးမျိုးကို ဤတွင် http://issat.dcaf.ch ရရှိစေပါသည်

**DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ**သည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးအား လေးစားလိုက်နာမှုနှင့် ကျား-မ တန်းတူညီမျှရေး စသည့် မူဘောင်အတွင်း နိုင်ငံများနှင့် ယင်းတို့၏ ပြည်သူများ စသည်တို့၏ လုံခြုံရေးကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ အားလုံးပါဝင်ပြီး အားလုံးပူးပေါင်းဆောင်ရွက်သော ပြုပြင်ပြောင်းလဲမှုများအားဖြင့် မိတ်ဖက်နိုင်ငံများအတွင်းရှိ လုံခြုံရေးကဏ္ဍအပေါ် အုပ်ချုပ်မှုပေးရေးကိစ္စကို တိုးတက်ကောင်းမွန်စေရန်အတွက် မိတ်ဖက်နိုင်ငံများနှင့် အဆိုပါမိတ်ဖက်နိုင်ငံများကို ကူညီနေကြသော နိုင်ငံတကာအဖွဲ့အစည်းများကို ပံ့ပိုးကူညီခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုရေရှည်တည်တံ့အောင် ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ချိန်မှစ၍ DCAF သည် အထောက်အကူပြုခဲ့ပါသည်။ DCAF သည် ဆန်းသစ်တီထွင်ထားသော အသိပညာထုတ်ကုန်များကို ဖန်တီးပေးကာ စံပြုသတ်မှတ်ချက်များနှင့် အလေ့အကျင့်ကောင်းများကို မြှင့်တင်ပေးပြီး ဥပဒေနှင့် မူဝါဒဆိုင်ရာ အကြံဉာဏ်များကို ပံ့ပိုးပေးလျှက် လုံခြုံရေးကဏ္ဍတွင်းရှိ နိုင်ငံအစိုးရပိုင်နှင့် နိုင်ငံအစိုးရပိုင်မဟုတ်သော ပါဝင်ပတ်သက်သူအဖွဲ့အစည်း နှစ်မျိုးလုံး၏ စွမ်းဆောင်ရည်တည်ဆောက်မှုကို အကူအညီပေးပါသည်။

**DCAF ၏ ကျေးဇူးတင်ရှိမှုအား ဖော်ပြခြင်း**

Ronja Harder နှင့် Jasper Linke တို့အား သုတေသနအား ထည့်ဝင်ကူညီမှု၊ စာပေရေးသားပေးမှုနှင့် တည်းဖြတ်ပေးမှုအတွက်၊

Jenny Rouse အား အင်္ဂလိပ်ဘာသာအား စိစစ်ပေးမှုအတွက်၊

Florence Lesur အား ပြင်သစ်ဘာသာသို့ ဘာသာပြန်ဆိုပေးမှု အတွက်၊

Géraldine Chantegrel အား ပြင်သစ်ဘာသာအား စိစစ်ပေးမှုအတွက်၊

ထို့ပြင် Petra Gurtner အား အပြင်အဆင်ပုံစံနှင့် ဒီဇိုင်းအတွက်။

**စာစဉ်တွဲများအတွက် အယ်ဒီတာ**

Fairlie Chappuis

**ယခုစာစဉ်အား ကိုးကားရန်**

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ။ ထောက်လှမ်းရေးဌာနများ။ SSR နောက်ခံအကြောင်းအရာ စာစဉ်အတွဲများ။ Geneva: DCAF, 2019.

© DCAF. SSR နောက်ခံအကြောင်းအရာလက်စွဲများကို www.dcaf.ch တွင်အခမဲ့ရရှိနိုင်သည်။ အသုံးပြုသူများသည် DCAF ကို credit ပေး အသိအမှတ်ပြုပေးပါက ဤစာစဉ်ကို ကူးယူဖြန့်ဝေနိုင်သည်။

စီးပွားဖြစ်အသုံးပြုရန်မဟုတ်ပါ။

DCAF Geneva Centre for Security Sector Governance

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ

Maison de la Paix

Chemin Eugène-Rigot 2E

CH-1202 Geneva၊ ဆွစ်ဇာလန်နိုင်ငံ

ဖုန်း: +41 22 730 94 00

info@dcaf.ch www.dcaf.ch

Twitter @DCAF_Geneva